**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များနှင့်အညီ အတည်ပြုပြီးသော 2nd Yangon International Gems & Jewellery Fair (Jan 9th to 13th 2019) ကျောက်မျက်လေလံပြပွဲအတွင်း အခွန်ကိစ္စနှင့်ပတ်သက်၍ ကျောက်မျက်ရတနာ ကုန်သည်များ လိုက်နာရမည့်စည်းကမ်းချက်များ**

၁။ 2nd Yangon International Gems & Jewellery Fair 2019 ပြပွဲတွင် အောက်ဖော်ပြပါ စနစ်(၃)မျိုးဖြင့် ရောင်းချပါမည်-

(က) ကျောက်မျက်အချောထည်၊ ကျောက်မျက်ပုံဆောင်ခဲများနှင့် လက်ဝတ်ရတနာများကို အရောင်းပြခန်းများ ဖွင့်လှစ်ခြင်း၊

(ခ) ကျောက်မျက်အချောထည်အလွတ်( Loose Stone )များနှင့် ကျောက်မျက်ပုံဆောင်ခဲ ( Crystal )များကို ကြီးကြပ်ရေးအဖွဲ့ထံတင်ပြ၍ ရောင်းချခြင်း၊

(ဂ) တန်ဖိုးကြီး ကျောက်မျက်အချောထည်အလွတ်( Loose Stone )များကို ချိတ်ပိတ် တင်ဒါစနစ် ( Sealed-Bid Auction )ဖြင့်ရောင်းချခြင်း။

၂။ ကျောက်မျက်ပြပွဲတွင် ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများသည် ခွင့်ပြုမိန့် (သို့မဟုတ်)လိုင်စင် ရရှိပြီး မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း အသင်းဝင်ထားသူများကိုသာ ဆိုင်ခန်းချထား ပေးပါမည်။

၃။ ရောင်းချမှုစနစ်( ၃ )မျိုးလုံးအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပေးထားသော သက်ဆိုင်ရာ ရတနာဆိုင်များ၏ အရောင်းပြေစာ (Cash Memo)များဖြင့် ရောင်းချစေပါမည်။

၄။ ပြပွဲအတွင်း ရောင်းချရသည့် ကျောက်မျက်အချောထည်အလွတ်( Loose Stone )နှင့် ကျောက်မျက်ပုံဆောင်ခဲ( Crystal )များကို ကြီးကြပ်ရေးအဖွဲ့မှ စိစစ်အတည်ပြုဆောင်ရွက်ခြင်း ဖြစ်၍ သက်ဆိုင်ရာအရောင်းဆိုင် (Cash Memo )နောက်ကျောတွင် ပြပွဲတံဆိပ်တုံးနှင့် အဖွဲ့ ခေါင်းဆောင်၊ အဖွဲ့ဝင်များက တံဆိပ်ရိုက်နှိပ်လက်မှတ်ရေးထိုးပါမည်။

၅။ Sealed-Bid Auction ဖြင့်ရောင်းချမှုစနစ်တွင် ခွင့်ပြုမိန့်(သို့မဟုတ်) လိုင်စင်ရရှိသူများ အပြင် ဘိုးဘွားပိုင်ပစ္စည်းများကိုပါ ရောင်းချခွင့်ပြုမည်ဖြစ်ပါသည်။ ရောင်းချရာတွင် ကြီးကြပ်ရေး အဖွဲ့၏ အရောင်းပြေစာ( Cash Memo )ဖြင့် ရောင်းချပေးမည်ဖြစ်ပါသည်။

၆။ ကျောက်မျက်ရိုင်းများကို နိုင်ငံခြားငွေဖြင့် ရောင်းချ၍ ပြည်ပသို့ထုတ်ဆောင်ခြင်းခွင့်မပြုပါ။ ပြည်တွင်းရတနာကုန်သည် အချင်းချင်း ရောင်းချခြင်းကိုသာခွင့်ပြုပေးမည်ဖြစ်ပါသည်။

၇။ ပြည်တွင်းအခွန်များဥပဒေအရ ကျောက်မျက်ရိုင်းများ၊ ကျောက်မျက်ပုံဆောင်ခဲများ မြန်မာကျပ်ငွေဖြင့် ရောင်းချခြင်းအတွက် အထူးကုန်စည်ခွန် (၁၀%)၊ ကုန်သွယ်လုပ်ငန်းခွန် (၅%) ပေးဆောင်ရမည်။ ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့်ရောင်းချခြင်းအတွက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဝန်ဆောင်ခ ပေးဆောင်ရန်မလိုပါ။

၈။ ပတ္တမြား၊ နီလာပုံဆောင်ခဲများမှအပ ကျန်ကျောက်မျက်ပုံဆောင်ခဲများကို ရောင်းချခွင့်ပြုပါသည်။

၉။ ကြီးကြပ်ရေးအဖွဲ့က ဈေးနှုန်းအတည်ပြုရောင်းချသည့် ကျောက်မျက်အချောထည်အလွတ်နှင့် ကျောက်မျက်လက်ဝတ်ရတနာများကို နိုင်ငံခြားငွေဖြင့် ပြည်ပသို့ရောင်းချခြင်းအတွက် အထူးကုန်စည်ခွန်( ၅% )နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးဝန်ဆောင်ခ( ၁% )ပေးဆောင်ရပါမည်။ ကျောက်မျက်ပုံဆောင်ခဲများကို နိုင်ငံခြားငွေဖြင့် ရောင်းချခြင်းအတွက် အထူးကုန်စည်ခွန်(၁၀%) နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဝန်ဆောင်ခ( ၃% )ပေးဆောင်ရပါမည်။

၁၀။ မြန်မာကျပ်ငွေအရောင်းပြေစာစာအုပ်များကို ပြပွဲကော်မတီမှ တစ်စုတစ်စည်းတည်းထုတ်ယူ၍ ပြပွဲလာရောက်ရောင်းချသည့်ဆိုင်များသို့ ခွဲဝေထုတ်ပေးသွားမည်ဖြစ်ပါသည်။

၁၁။ ပြပွဲပြီးဆုံး၍ ထုတ်ယူထားသည့် မြန်မာကျပ်ငွေအရောင်းပြေစာစာအုပ်နှင့်အတူ အသုံးပြုပြီးသည့် အရောင်းပြေစာ အရေအတွက်၊ ရောင်းချရသည့် ရတနာပစ္စည်းအမျိုးအစားနှင့်အရေအတွက်၊ ရောင်းချတန်ဖိုး၊ အခွန်အခများကို စာရင်းဇယားပြုလုပ်၍ ကျောက်မျက်လုပ်ငန်းရှင်များအသင်း (ရန်ကုန်)၏ ပြပွဲကြီးကြပ်ရေးကော်မတီသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပါသည်။

၁၂။ ပြပွဲကြီးကြပ်ရေးကော်မတီသည် ပြန်လည်လက်ခံရရှိသည့် မြန်မာကျပ်ငွေအရောင်းပြေစာစာအုပ်များကို ထိန်းသိမ်းထားရှိပါမည်။

၁၃။ Sealed-Bid Auction ဖြင့်ရောင်းချရာတွင် အောက်ပါအချက်အလက်များကို လိုက်နာ၍ တင်ပြရောင်းချပါမည်-

(က) ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ကျောက်မျက်အတွဲပေါင်း( ၁၀၀ )ခန့်ရောင်းချမည်ဖြစ်ပါသည်။

(ခ) အတွဲတစ်တွဲ၏ ကြမ်းခင်းဈေးသည် အမေရိကန်ဒေါ်လာ နှစ်သောင်း သတ်မှတ်ပါသည်။

(ဂ) ကျောက်မျက်မှန်ကန်မှုကို ပိုင်ရှင်မှတာဝန်ယူရမည့်အပြင် ကျောက်မျက်ပညာရှင်များပါဝင်သော ကျောက်မျက်လုပ်ငန်းရှင်များအသင်း( ရန်ကုန် )အဖွဲ့ဖြင့်လည်း စစ်ဆေးပါမည်။

(ဃ) ပြည်တွင်း ဝယ်ယူလိုသူများနှင့် လေလံခန်းမအတွင်းသို့ ဝင်ရောက်ကြည့်ရှုလိုသူများသည် ဝင်ကြေးငွေ (၅၀၀၀၀)ကျပ်ကိုလည်းကောင်း၊ ပြည်ပဝယ်ယူလိုသူများနှင့်

ဝင်ရောက် ကြည့်ရှုလိုသူများသည် ဝင်ကြေးငွေ ဒေါ်လာ(၅၀)ကိုလည်းကောင်း ပေးသွင်းရပါမည်။ ပြည်တွင်း / ပြည်ပ ဝယ်ယူလိုသူများနှင့် ဝင်ရောက်ကြည့်ရှုလိုသူများသည် လေလံခန်းမရှိ Registration Counter တွင် ပထမဦးစွာ Bidder Registration Form ကိုဖြည့်စွက်ရပါမည်။ လေလံဝင်ရောက်ယှဉ်ပြိုင်လိုပါက လေလံပြပွဲကျင်းပရေးကော်မတီသို့ ပြည်တွင်းဝယ်ယူသူများသည် ကြိုတင်ငွေကျပ်သိန်း(၅၀)ပေးသွင်း၍လည်းကောင်း၊ ပြည်ပဝယ်ယူလိုသူများသည် ကြိုတင်ငွေ ဒေါ်လာ(၃၀၀၀)ပေးသွင်း၍လည်းကောင်း ဈေးနှုန်းအဆိုပြုလွှာ (Bidding Forms) များကို ထုတ်ယူနိုင်ပါသည်။

(င) ကျောက်မျက်အတွဲများကြည့်ရှုစစ်ဆေးသည့်ကာလကို (၉.၁.၂၀၁၉)ရက်မှ(၁၀.၁.၂၀၁၉) ရက်နေ့ (၁၀:၀၀)နာရီမှ (၁၇:၀၀)နာရီအချိန်အထိဖြစ်ပြီး (၁၁.၁.၂၀၁၉)ရက်နေ့ (၁၂:၀၀)နာရီအချိန်တွင် တင်ဒါပုံးများဖွင့်ဖောက်စစ်ဆေး၍ တင်ဒါအောင်မြင်သူများ စာရင်းကို ကြေငြာပါမည်။

(စ) လေလံအောင်မြင်သူသည် လေလံပြပွဲဖြစ်မြောက်ရေးကော်မတီ၏ CB Bank နိုင်ငံခြားငွေဘဏ်စာရင်းအမှတ် (00 16 10 12 000 27 437) သို့မဟုတ် (၁၁.၁.၂၀၁၉) ရက်နေ့တွင် US$ ဖြင့် ၂၀% Deposit ကိုပေးသွင်းပြီးနောက် လေလံပြပွဲကျင်းပရေးကော်မတီနှင့် ဝယ်ယူသူကြား အရောင်းစာချုပ်(Sales Agreement )ကိုပြပွဲကျင်းပရေးကော်မတီ၏ ကိုယ်စားလှယ်များနှင့် စာချုပ်ချုပ်ဆိုပြီးမှသာ လေလံအောင်ပြီးသားကျောက်ကို ပြန်လည်ကြည့်ရှုခွင့်ရရှိပါမည်။ ပေးရန်ကျန်ရှိသော ငွေပမာဏ ၈၀% ကို US$ ဖြင့် လေလံပြပွဲကျင်းပရေးကော်မတီ၏ CB Bank နိုင်ငံခြားငွေဘဏ်စာရင်းအမှတ် (00 16 10 12 000 27 437) သို့ (၂)ပတ်အတွင်း ငွေအကြေပေးချေပြီးမှသာလျှင် မိမိအောင်ထားသည့် ကျောက်အတွဲများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ရှေ့တွင် စစ်ဆေးထုတ်ပိုးပြီး ခွင့်ပြုမိန့်ပြေစာဖြင့် တရားဝင်လွယ်ကူစွာ သယ်ယူနိုင်မည်ဖြစ်ပါသည်။ ပေးရန်ကျန်ရှိသော ငွေပမာဏ ၈၀% ကို ဝယ်ယူသူကပေးချေရန်ပျက်ကွက်ပါက ၂၀% Deposit ကို လုံးဝပြန်အမ်းပေးမည် မဟုတ်ပါကြောင်း လေလံပြပွဲကျင်းပရေးကော်မတီမှ သတ်မှတ်ပါသည်။ လေလံအောင်မြင်သူများကို ငွေလွယ်ကူလျှင်မြန်စွာပေးဆောင်နိုင်ရန်အတွက် ဖုန်းဖြင့် ဆက်သွယ်၍သော်လည်းကောင်း၊ E-mail ဖြင့်ဆက်သွယ်၍သော်လည်းကောင်း (၁၀.၁.၂၀၁၉)ရက်နေ့ညနေပိုင်းတွင် ကြိုတင်အကြောင်းကြားပါမည်။

(ဆ) ဝယ်ယူသူများမှ ငွေပေးချေရာတွင် ငွေသား(Cash)ဖြင့်သော်လည်းကောင်း၊ (Credit Card)ဖြင့်သော်လည်းကောင်း ငွေပေးချေနိုင်ပါသည်။ ဘဏ်ဝန်ဆောင်ခအားလုံးကို ဝယ်ယူသူများမှ ကျခံရပါမည်။

(ဇ) ပြည်တွင်းဝယ်ယူသူမှလေလံဆွဲရာတွင် အောင်မြင်ခဲ့ခြင်းမရှိပါက ပေးသွင်းထားသည့်ကြိုတင်ငွေ ကျပ်သိန်း( ၅၀ )ကိုလည်းကောင်း၊ ပြည်ပဝယ်ယူသူမှလေလံဆွဲရာတွင် အောင်မြင်ခဲ့ခြင်းမရှိပါက ပေးသွင်းထားသည့်ကြိုတင်ငွေ အမေရိကန်ဒေါ်လာ(၃၀၀၀) ကိုလည်းကောင်း ဝယ်ယူသူတို့၏ ဘဏ်စာရင်းအမှတ်များထံသို့ ပြန်လည်လွှဲပြောင်းပေးပါမည်။

၁၄။ ရတနာပြပွဲကာလအတွင်း ကျောက်မျက်ပညာရှင်များက ပညာရပ်ဆိုင်ရာစာတမ်းဖတ်ပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ကျောက်မျက်ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများကျင်းပပါမည်။

၁၅။ ရတနာပြပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။